# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၁၀–၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **လက်ရှိအခြေအနေတွင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများ ကြုံတွေ့နေရပါသဖြင့် မြန်မာနိုင်ငံပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **၁၉၇၂ ခုနှစ်က လူထုလုပ်အားဖြင့် ဖော်ထုတ်ခဲ့သော ငါးမွေးကန်နှင့် လယ်ကွက်ကို ဒေသခံအာဏာပိုင် အဆက်ဆက်တို့က သိမ်းယူခဲ့ပြီး သီးစားချထားပိုင်ခွင့် ရှိပါသလား၊ မူရင်းမူလပိုင်ရှင်များထံ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **စံချိန်စံညွှန်းမပြည့်မီသော အရက်များ ထုတ်လုပ်ရောင်းချခြင်းနှင့် တရားမဝင် အရက်ဆိုင်၊ ထန်းရည်ဆိုင် များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၏ **ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မြန်မာ့ရိုးရာ ဆယ့်နှစ်လ ရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ် အခမ်းအနားပွဲများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲတို့အတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ကျင်းပဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **လားရှိုးမြို့မှ စွန့်ပစ် အမှိုက်ပုံကို ကျန်းမာရေးနှင့်ညီညွတ်သည့် နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်း ပေးမည့် အစီအစဉ်အား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ် အတွင်း စီးပွားရေးလုပ်ငန်းရှင်များ တရားမဝင်ရယူထားသော ကျွဲ၊ နွား၊ စားကျက်မြေများနှင့် ရွာပုံချောင်း(ရွာသားကမ်းပိုင်) များကို မူလပိုင်ရှင် ကျေးရွာအုပ်စုများ၊ ကျေးရွာများသို့ လွှဲအပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့ပေါ်ရှိ ဒေသစရိတ် ခံစားခွင့် ရပ်သိမ်းခြင်းခံရသော မြို့နယ်အဆင့် ဌာနဆိုင်ရာ (၁၈) ဌာနမှ ဝန်ထမ်း ၂၇၈ ဦးတို့ကို ပြန်လည်စိစစ်၍ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဓ) ဒေါ်နီနီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့နယ်ရှိ နာရိန်းကျေးရွာအား မြို့အဖြစ်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **“မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။